# လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အဓိပ္ပါယ်

ပရမတ္ထတရားတို့၏ အမှန်သဘောကို နားလည်ဖို့ရန် ၎င်းတို့၏ လက္ခဏာစသော လေးချက်ဖြင့် ဆန်းစစ်လေ့လာရ၏။

**၁။ လက္ခဏ-ဟူသည်**

လက္ခဏာဟူသည် အမှတ်အသားပင် ဖြစ်၏။ လူတစ်ယောက်ချင်းစီ၌ ကိုယ်ပိုင်အမှတ်အသားများ ရှိကြသကဲ့သို့ ပရမတ္ထတရားတို့၌လည်း ယောဂီများသိဖို့ရန် အမှတ်အသား တစ်မျိုးစီ ရှိကြ၏။

**သဘာဝလက္ခဏာနှင့် သာမညလက္ခဏာ**

၎င်းအမှတ်အသားသည် **သဘာဝ လက္ခဏာ၊ သာမည လက္ခဏာဟု** ၂-မျိုးရှိ၏။ မိမိနှင့်သာ သက်ဆိုင်သော အမှတ်လက္ခဏာကို သဘာဝလက္ခဏာဟု ခေါ်၏။

ဥပမာ... စိတ်၏ အာရုံကိုသိခြင်း လက္ခဏာသည် စိတ်နှင့်သာဆိုင်၏။ ဖဿ၏ အာရုံကို တွေ့ထိခြင်း လက္ခဏာသည် ဖဿနှင့်သာ ဆိုင်၏။။ ဝေဒနာ၏ အာရုံအရသာကို ခံစားခြင်းလက္ခဏာသည် ဝေဒနာနှင့်သာ ဆိုင်၏။ ဤသို့ မိမိတစ်ပါးတည်းနှင့်သာ သက်ဆိုင်သော အမှတ်လက္ခဏာမျိုးကို သဘာဝလက္ခဏာဟု ခေါ်၏။

ရုပ်နာမ်သင်္ခါရ အားလုံးတို့နှင့် သက်ဆိုင်သော အမှတ်လက္ခဏာကို သာမညလက္ခဏာဟု ခေါ်၏။ ဥပမာ... အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဟူသည် ရုပ်နာမ်သင်္ခါရ အားလုံးတို့နှင့် သက်ဆိုင်သောကြောင့် သာမညလက္ခဏာတည်း။ ဖေါက်ပြန်ပြောင်းလဲမှု ရုပ္ပနလက္ခဏာသည် ရုပ်အားလုံးနှင့် သက်ဆိုင်ပြီး၊ အာရုံသို့ ညွတ်တတ်သော နမဏလက္ခဏာသည် နာမ်အားလုံးနှင့် သက်ဆိုင်သောကြောင့် သာမညလက္ခဏာဟု ခေါ်၏။

**၂။ ရသ-ဟူသည်**

ရသ-သည်လည်း ပရမတ္ထတရားတို့၏ လုပ်ဆောင်မှုဟူသော ကိစ္စရသနှင့်၊ အကြောင်းစုံညီ၍ ဖြစ်လာခြင်းဟူသော သမ္ပတ္တိရသ ဟု ၂-မျိုးရှိ၏။ ထိုတွင် တချို့တရား၌ ကိစ္စရသ ထင်ရှား၍, အချို့တရား၌ကား သမ္ပတ္တိရသ ထင်ရှား၏။

**၃။ ပစ္စုပဋ္ဌာန်-ဟူသည်**

ပစ္စုပဋ္ဌာန်ဟူသည်- ယောဂီ၏ဉာဏ်၌ ရှေးရှုထင်လာသော သဘောကို ခေါ်သည်။ ထိုပစ္စုပဋ္ဌာန်သည်လည်း **ဖလ-ပစ္စုပဋ္ဌာန်နှင့်၊ အာကာရ-ပစ္စုပဋ္ဌာန်ဟု** ၂-မျိုးရှိ၏။

ထိုတွင် ဖလ-ပစ္စုပဋ္ဌာန်ဟူသည် - ကိစ္စရသကြောင့် ရထိုက်သော အကျိုးတည်း။ ဥပမာ... ကိစ္စတစ်ခုကို ပြုလုပ်ပြီးလျှင် ထိုကိစ္စအတွက် အကျိုးတစ်မျိုးမျိုးကို ရသကဲ့သို့တည်း။

အာကာရ ပစ္စုပဋ္ဌာန်ဟူသည် ထိုတရားကို ဆင်ခြင်သောအခါ ယောဂီဉာဏ်တွင် ထင်လာ, မြင်လာသော အခြင်းအရာတည်း။ ဥပမာ… လူတစ်ယောက်ကို အကဲခတ်သူ၏ စိတ်ထဲတွင် ထိုသူ၏ ဓာတ်သဘော တစ်မျိုးမျိုး ထင်လာသကဲ့တည်း။

**၄။ ပဒဋ္ဌာန်-ဟူသည်**

အကြောင်းတရားကို ပဒဋ္ဌာန်ဟု ခေါ်၏။ ထိုအကြောင်းသည် ဝေးသောအကြောင်း, နီးသော အကြောင်းဟု ၂-မျိုးရှိရာ နီးသောအကြောင်းကိုသာ ပဒဋ္ဌာန်အဖြစ် ယူရမည်။

(ပဒ+ဌာန= ဤသဒ္ဒါ ၂-ခုလုံးပင် "အကြောင်း"ဟူသော အနက်ကို ဟော၏။)

****************************

## ပရမတ္ထတရားကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ ဝိဂြိုဟ် ၃-မျိုး

ပရမတ္ထတရားတို့၏ စကားလုံးကို အဓိပ္ပါယ်ဖွင့်ဆိုလျှင် ဝိဂြိုဟ်သုံးမျိုးဖြင့် ဖွင့်ပြကြ၏။ ပြုလုပ်တတ်သည့် ကတ္တုသာဓန၊ ပြုလုပ်ကြောင်း ကရဏသာဓန၊ ပြုလုပ်ခြင်း (ဝါ) ပြုလုပ်ကာမျှ ဘာဝသာဓန တို့ဖြစ်၏။ ဥပမာ- စိတ္တ (စိတ်)

**၁။ အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ (ကတ္တု-သာဓန၊ ကတ္တုသာဓ်နည်း)**

အာရမ္မဏံ-အာရုံကို၊ စိန္တေတိ-သိတတ်၏။ ဣတိ-ထို့ကြောင့်၊ စိတ္တံ- စိတ်မည်၏။

အဓိပ္ပါယ်။ ။အာရုံကို သိတတ်သောကြောင့် စိတ်-ဟု ခေါ်သည်။

**၂။ စိန္တေန္တိ ဧတေန သမ္ပယုတ္တဓမ္မာတိ စိတ္တံ။ (ကရဏ-သာဓန၊ ကရဏသာဓ်နည်း)**

ဧတေန- ဤတရားဖြင့်၊ သမ္ပယုတ္တဓမ္မာ- ၎င်းနှင့်ယှဉ်တွဲဖြစ်ပေါ်လာသော သမ္ပယုတ်တရားတို့ သည်၊ စိန္တေန္တိ- သိကြရကုန်၏။ ဣတိ-ထို့ကြောင့်၊ တံ-တရားသည်၊ စိတ္တံ-စိတ်မည်၏။

အဓိပ္ပါယ်။ ။ထိုတရားဖြင့်/ကြောင့် ၎င်း၏ယှဉ်ဖက်တရားတို့သည် အာရုံကို သိနိုင်ကြကုန်၏။ ထို့ကြောင့် စိတ်မည်၏။

(ဖဿစသော စေတသိက်တို့သည် စိတ်ကို အမှီပြုလျက်(စိတ်ရှိပါမှ) အာရုံကို သိနိုင်, ရနိုင်ကြ၏။ ထို့ကြောင့် စိတ်သည် ဖဿစသည်တို့၏ အာရုံကို သိကြောင်း, ရကြောင်း ဖြစ်၏။)

**၃။ စိန္တနံ စိတ္တံ။ (ဘာဝသာဓန၊ ဘာဝသာဓ်နည်း)**

စိန္တနံ- အာရုံကို သိခြင်း, ရခြင်းသည်၊ စိတ္တံ- စိတ်မည်၏။

အဓိပ္ပါယ်။ ။အာရုံကို သိခြင်းအမူအရာ ကြိယာမျှသည်သာ စိတ်မည်၏။

မှတ်ချက်။ စိတ်၌ မုချအားဖြင့် သိတတ်သော ကတ္တုသတ္တိလည်း မရှိ၊ သိကြောင်း ကရဏသတ္တိလည်း မရှိ။ အမှန်အားဖြင့်ကား သိခြင်းအမူအရာ(သိခြင်းသဘော သက်သက်) ကြိယာမျှသာ ဖြစ်သည်။

## ပြုလုပ်သူ ကတ္တားအစစ် မရှိခြင်း

ထိုတွင် ကတ္တုသာဓနနှင့် ကရဏသာဓနသည် ပရမတ္ထသဘောကို ထိမိသော ဝိဂြိုဟ်များ မဟုတ်ကြပေ။ အတ္တစွဲ ရှိသူတို့၏ အယူစွဲကို ပယ်ဖျက်ဖို့ရာ ဥပစာတင်စား၍ ပြုထားသော ဝိဂြိုဟ်များသာတည်း။

ချဲ့ဦးအံ့... ပရမတ်၌ မကျွမ်းကျင်သော ပုထုဇဉ်အချို့သည် "ဆိုင်ရာကိစ္စကို ပြုလုပ်စီမံတတ်သော ကာရကအတ္တ၊ ရလာသောအကျိုးကို ခံစားတတ်သော ဝေဒကအတ္တသည် ကိုယ်တွင်း၌ ရှိ၏"ဟု ယုံကြည်ထားကြ၏။ အာရုံကို သိရာ၌ ထိုသူတို့ထင်သော အတ္တက သိသည်မဟုတ်၊ စိတ်ကသာ သိသည်။ စိတ်ဟူသော သဘောတရားမှ တပါး အခြားသိတတ်သော ကတ္တားတစ်မျိုး မရှိ-ဟု ပြလို၍ စိတ်၌ ပြုလုပ်နိုင်သော စွမ်းရည်သတ္တိ မရှိသော်လည်း ရှိသကဲ့သို့ တင်စား၍ ဆိုထားခြင်းဖြစ်၏။

## ပြုလုပ်ကြောင်း ကရိဏ်းအစစ် မရှိ

အချို့ကလည်း "ဖဿစသော တရားတို့သည် အတ္တကြောင့်သာ အာရုံကို သိရ၏။ အတ္တသည် သိခြင်းကြိယာကို ပြီးစေနိုင်သော စွမ်းရည်သတ္တိ ရှိ၏"ဟု စွဲကြပြန်၏။ ထိုစွဲလမ်းချက်ကို ပယ်ဖျက်ဖို့ရာ စိတ်၌သိကြောင်း သတ္တိမရှိသော်လည်း ရှိသကဲ့သို့ တင်စား၍ ကရဏသာဓ်ကို တစ်နည်းဆိုရပြန်သည်။

အဓိပ္ပါယ်ကား- "ဖဿစသည်တို့က အာရုံကိုသိရခြင်း၏ အကြောင်းမှာ အတ္တမဟုတ်။ စိတ်သာလျှင် ဖဿစသည်တို့၏ အာရုံကို သိကြောင်းဖြစ်သည်"ဟု ဆိုလိုသည်။

ဆောင်။ ပရမတ်စု၊ ဝိဂြိုဟ်ပြုသော်၊ ကတ္တု,ကရဏတ်၊ ဘာဝသာဓ်ဟု၊ သုံးရပ်ခြားပိုင်း၊ အများနှိုင်းလော့၊ ကရိဏ်း, ကတ္တု၊ ဤနှစ်ခုမှာ၊ ဥပစာတဲ့၊ ဘော,သာ မုချ၊ သရုပ်ရဟု၊ ထုတ်ပြမှီရာ၊ ညီတညာသည်၊ ဋီကာ ဋီကာ့ စောင်စောင်တည်း။

(သဂြိုဟ်ဘာသာဋီကာ၊ နှာ ၁၃-၁၄။)